IBRB Insurance Business Regulatory Board MYANMAR

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်

ဖုန်း- ၀၆၇ - ၄၁၀၀၁၂၊ ၄၁၀၁၆၄၊ ဖက်(စ်) ၀၆၇- ၄၁၀၁၆၅၊ အီးမေးလ်- ins@frd.gov.mm, Website: www.frd.gov.mm

# ညွှန်ကြားလွှာ

အမှတ် ( ၁ /၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်

(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

## အသက်အာမခံလုပ်ငန်းနှင့် အထွေထွေအာမခံလုပ်ငန်းလိုင်စင် သီးခြားလျှောက်ထားရန်ကိစ္စ

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၇) ၏ ခွင့်ပြုချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အာမခံလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးစီမံချက် (Insurance Liberalization Plan) အရ မြန်မာနိုင်ငံ အာမခံဈေးကွက်အတွင်း မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းပုဂ္ဂလိကအာမခံကုမ္ပဏီများနှင့်အတူ နိုင်ငံခြားအာမခံကုမ္ပဏီများ တန်းတူ လုပ်ကိုင်နိုင်ရေးနှင့် နိုင်ငံတကာစံနှုန်းနှင့်အညီ နိုင်ငံခြားအာမခံကုမ္ပဏီများ ရွေးချယ်နိုင်ရေး အတွက် အကြံပေးဝန်ဆောင်မှုကုမ္ပဏီ ငှါးရမ်းပြီး လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါသည်။

၂။ နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရာတွင် ပြည်တွင်း ပုဂ္ဂလိကအာမခံ ကုမ္ပဏီများနှင့် Joint Venture (JV) ခွင့်ပြုပါက အသက်နှင့် အထွေထွေအာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိပြီးသည့် ပြည်တွင်း ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် မိမိနှစ်သက်ရာ နိုင်ငံခြားအာမခံ ကုမ္ပဏီတစ်ခုခုနှင့် JV ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တွင် အသက်အာမခံကုမ္ပဏီနှင့် အထွေထွေအာမခံကုမ္ပဏီဟု သီးခြားမှတ်ပုံတင်ရန်လိုပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကုမ္ပဏီတစ်ခုစီ၏ အာမခံလုပ်ငန်းနှင့် သက်ဆိုင်ရာအထောက်အထားများ၊ မတည်ရင်းနှီးငွေ၊ တင်သွင်းငွေ၊ အစိုးရငွေတိုက်စာချုပ်တို့ပါဝင်သော ဘဏ္ဍာရေးအစီရင်ခံစာ၊ ကုမ္ပဏီ ဖွဲ့စည်းပုံ၊ Business Plan တို့ကို သီးခြားစီ ပြုစု၍ အာမခံလုပ်ငန်းလိုင်စင် စတင်လျှောက်ထား သကဲ့သို့ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ လိပ်မူ၍ ပြန်လည် လျှောက်ထားရမည်ဖြစ်ပါသည်။ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ သီးခြားလိုင်စင်ဖြင့် ခွင့်ပြုမည်ဖြစ်ပြီး မူလ အသက်နှင့် အထွေထွေ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည် အပ်နှံရမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၁) ခုတို့အနက် အသက်အာမခံနှင့် အထွေထွေအာမခံလုပ်ငန်း (၂) မျိုးစလုံး လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီ (၈) ခုတို့အနေဖြင့် အထက်အပိုဒ် (၂) ပါအတိုင်း ဆောင်ရွက်၍ ၃၁-၁၂-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ မပျက်မကွက် တင်ပြကြရန် ညွှန်ကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(ဇော်နိုင်၊ အတွင်းရေးမှူး)

စာအမှတ်၊ FRD / IBRB ( ၂၀၈ /၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

**မိတ္တူကို**

- ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

သိသာနိုင်ပါရန် တင်ပြအပ်ပါသည်။

- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များ
- ရုံးလက်ခံ